**(၁၂-၂-၂၀၂၁) မှ (၁၈-၃-၂၀၂၁)ထိ ဆန်ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်**

**အခြေအနေ လေ့လာ သုံးသပ်တင်ပြခြင်း**

၁။ ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန် ဆန်ဈေးနှုန်းများမှာ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၈ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၈ ဖြင့်လည်းကောင်း ဖြစ်ပေါ်ခဲ့သည်ကို သိရှိရပါသည်။ ထိုင်းဆန် ဈေးနှုန်းများမှာ (၁၀၀ %) ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၄၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၆ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ %) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၁၇ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၃၀ ဖြင့်လည်းကောင်း အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာသိရှိရပါသည်။

၂။ ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ညှော့မထ (၅ %) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀၃ ဖြင့်လည်းကောင်း၊ ညှော့မထ (၂၅ **%**) ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၇၈ ဖြင့်လည်းကောင်း ရှိခဲ့ပြီး အိန္ဒိယနိုင်ငံတွင် ညှော့မထ (၂၅ **%**) ဆန်တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၆၈ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင်အမေရိကန်ဒေါ်လာ ၃၆၃ ဖြင့် လည်းကောင်း အသီးသီး ရှိခဲ့သည်ကို လေ့လာ တွေ့ရှိရပါသည်။

၃။ **ဆ**န်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်ပသတင်းများအနေဖြင့် Thai Rice Exporter Association တွင်ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ထိုင်းနိုင်ငံ၌ (၁၀၀ %) ဘီဂရိတ်ဆန်၊ ညှော့မထ (၅ %) ဆန်၊ ညှော့မထ (၂၅ %) ဆန်ဈေးများ ဈေးကျဆင်းခဲ့ပြီး ဗီယက်နမ်နိုင်ငံတွင်လည်း ဆန်အမျိုးအစားများအားလုံး ဈေးနှုန်းကျဆင်းခဲ့သည်ကို သိရှိရပါသည်။ ပါကစ္စတန်နိုင်ငံတွင် ညှော့မထ (၅ %) ဆန်ဈေးမှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး ညှော့မထ (၂၅ %) ဆန်မှာ ဈေးနှုန်း ကျဆင်းခဲ့သည်ကို သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင်လည်း ပေါင်းဆန်ဈေးနှုန်းများ ဈေးတည်ငြိမ်လျက်ရှိပြီး ညှော့မထ (၂၅ %) ဆန်မှာ ဈေးမြင့်တက်ခဲ့သည်ကို သိရှိရပါသည်။

၄။ **ဆ**န်ဈေးကွက်နှင့်ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် လက်ရှိ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ မတ်လ ၁၂ ရက်နေ့အထိ (ယာယီ) စာရင်းများအရ ကမ္ဘာ့

နိုင်ငံပေါင်း (၃၀) ကျော်သို့ ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုမှ ဆန်တန်ချိန် ၆၂၁၄၅၄.၃၄၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀.၃၅ သန်း၊ ဆန်ကွဲ တန်ချိန် ၄၄၇၇၀၅.၄တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅၄.၄၈၃ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှု တန်ချိန် ၁၀၆၉၁၅၉.၇၄၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၀၄.၈၃၃ သန်း ရရှိထားပြီး၊ ယခင်နှစ် ကာလတူတွင် ဆန်တန်ချိန် ၁၀၁၈၇၈၇.၆၅၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၀၇.၉၁၀ သန်း၊ ဆန်ကွဲ တန်ချိန် ၄၈၁၇၃၂.၉၀၀ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂၄.၉၂၄ သန်း၊ စုစုပေါင်း ဆန်နှင့်ဆန်ကွဲ တင်ပို့နိုင်မှုတန်ချိန် ၁၅၀၀၅၂၀.၅၅၃ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၃၂.၈၃၄ သန်း ဖြစ်ကြောင်း ကုန်သွယ်မှုစာရင်းများအရ သိရှိရပါသည်။

၁၀။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ဆန်တန်ချိန် ၃၉၇၃၃၃.၃၁၀ တန်၊ တန်ဖိုး အမေရိကန် ဒေါ်လာ ၅၇.၅၆၀ သန်း တင်ပို့မှု လျော့နည်းခဲ့ပြီး ဆန်ကွဲတင်ပို့မှုတွင် တန်ချိန် ၃၄၀၂၇.၅၀၀ တန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉.၅၅၉ သန်း တင်ပို့မှု ပိုမိုခဲ့သည်ကို သိရှိရပါသည်။ ဆန်နှင့်ဆန်ကွဲကို တရုတ်နိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချ နိုင်ခဲ့ခြင်းဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံသို့လည်း ဆန်ကွဲတင်ပို့နိုင်မှု မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရှိရပါသည်။

၁၁။ မြန်မာ–တရုတ်နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၈ ရက် နေ့တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်း ၁ ယွမ်လျှင် ၂၂၀ ကျပ်နှုန်းရှိပြီး၊ ဧည့်မထ ၂၅ % ဆန်တစ်အိတ်လျှင် ၂၅၃၀၀ ကျပ်မှ ၂၆၄၀၀ ကျပ်ကြား ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။ မြန်မာ–ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ဖြစ်ပေါ် နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် ၁ ဘတ်လျှင် ၄၇ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၁၂။ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန် ဈေးနှုန်းများကို လေ့လာကြည့်ပါက ဧည့်မထဆန် တစ်ပြည်လျှင် ဟားခါးမြို့တွင် ၂၃၀၀ ကျပ်၊ မုံရွာမြို့တွင် ၂၁၀၀ ကျပ်၊ လွိုင်ကော်မြို့တွင် ၁၅၀၀ ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်းများ ဖြစ်ပေါ်ခဲ့ပြီး ဘားအံ၊ ပြည်၊ မော်လမြိုင်မြို့တို့တွင် ၁၁၀၀ ကျပ်၊တောင်ကြီးမြို့တွင် ၁၀၅၀ ကျပ်တို့ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများ ဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၃။ Trading Economics Website တွင် ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ ဆန်ဈေးနှုန်းမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ၃.၂၁ ရာခိုင်နှုန်း ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၁ ခုနှစ်၊ မတ်လ ဒုတိယပတ်တွင် နိုင်ငံတကာဆန် ဈေးနှုန်းများတွင် အတက်/ အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်/ အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။